Equality Myanmar

# “အမုန်းစကားဆိုင်ရာအခြေအနေများအား စောင့်ကြည့်လေ့လာခြင်း နှင့် အစီရင်ခံတင်ပြခြင်းသင်တန်း”




“ရွေးကောက်ပွဲနီးလာတာနဲ့ အမျိုး ကျမတို့ ပတ်ဝန်းကျင်မှာ အမုန်းစကားတွေကို ပုံစံမျိုးစုံနဲ့ ပြောဆိုနေကြ ပါတယ်။ အမုန်း စကားတိုင်းကို ကန့်သတ်မယ် ဆိုရင် လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်ကို ထိခိုက်နိုင်ပါ တယ်။ ဒါကြောင့် ကိုယ့်ဝန်း ကျင်မှာပြောနေတဲ့ အမုန်း စကားတွေက အန္တရာယ်ရှိမရှိ ဆန်းစစ်ဖို့ လိုအပ်ပါတယ်။”လို့ စည်းရုံးလှုံ့ဆော်ရေးညှိနှိုင်းရေး မှူး ဒေါ်ဝါဝါပြုံးက ပြောပါ သည်။

ဤသင်တန်းကို Tides Foundation ၏ ရန်ပုံငွေထောက်ပံ့ မှုဖြင့် ညီမျှခြင်းမြန်မာက စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်းနှင့် ကရင်ပြည်နယ်တို့တွင် အကောင်အထည်ဖော် ဆောင်နေပါသည်။ ထိုဒေသများရှိ ဒေသဆိုင်ရာအမုန်းစကားလျှော့ချရေး ကွန်ယက် အဖွဲ့ဝင်များကို ပေးအပ်သည့် ၄ ရက်တာ သင်တန်းဖြစ်ပါသည်။

သင်တန်းရည်ရွယ်ချက်မှာ အမုန်းစကားဆိုင်ရာ အဆင့် သတ်မှတ်ချက်များကို နားလည် လာစေရန်၊ ဒေသအတွင်း အမုန်းစကားဖန်တီးမှု၊ အကြမ်းဖက်လှုံ့ဆော်မှုများ ကာကွယ် တားဆီးရာတွင် အစိုးရနှင့်ပြည်သူများ၏ အရေးပါမှုများကို သိရှိလာစေရန်နှင့် အမုန်းစကား များ တုံ့ပြန်ဆောင်ရွက်သည့် နည်းလမ်းများကို သိရှိလာစေရန် ဖြစ်ပါသည်။

“ဒီသင်တန်းကရရှိခဲ့တဲ့ အသိပညာ ဗဟုသုတတွေကို အမုန်းစကား လျှော့ချ ပပျောက်ရေး အတွက် ပြည်သူတွေ အသိပညာဖြန့်ဝေခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း လုပ်ငန်းတွေ ချိတ်ဆက် လုပ်ဆောင်သွားမယ်”လို့ မြဝတီမြို့အခြေစိုက် **Phoenix** အဖွဲ့၏ အတွင်းရေးမှူးShin Min Han က ပြောပါသည်။

“ရွေးကောက်ပွဲနီးလာတာနဲ့ အမျိုး ကျမတို့ ပတ်ဝန်းကျင်မှာ အမုန်းစကားတွေကို ပုံစံမျိုးစုံနဲ့ ပြောဆိုနေကြ ပါတယ်။ အမုန်း စကားတိုင်းကို ကန့်သတ်မယ်ဆိုရင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ထိခိုက်နိုင်ပါ တယ်။ ဒါကြောင့် ကိုယ့်ဝန်း ကျင်မှာပြောနေတဲ့ အမုန်း စကားတွေက အန္တရာယ်ရှိ၊ မရှိ ဆန်းစစ်ဖို့ လိုအပ်ပါတယ်”လို့ စည်းရုံးလှုံ့ဆော်ရေး ညှိနှိုင်းရေးမှူး ဒေါ်ဝါဝါပြုံးက ပြောပါသည်။





၁) ထုတ်ဖော်ပြောဆိုမှုများက မိမိတို့ လူ့အဖွဲ့အစည်းအတွင်းမှာ ဖြစ်နေတဲ့ ပဋိပက္ခများ၊ အကြမ်းဖက်မှုအဖြစ်အပျက်များ၊ ကာကွယ်ပေး ရမည့်သူများကိုပစ်မှတ်ထားပြောဆိုမှုများရှိနေလား၊ ထို့အပြင် လတ်တလောနိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများနှင့် ချိတ်ဆက် စဉ်းစားရမည်။


၂) ထုတ်ဖော်ပြောဆိုသည့်သူသည် ဘယ်လောက်ထိ ဩဇာသက်ရောက်မှုရှိသလဲ၊ ပရိတ်သတ်ကို ဘယ်လောက်ထိလွှမ်းမိုးနိုင်သလဲဆိုသည်ကိုလည်း ဆန်းစစ်ရမည်။၃) ကာကွယ်ပေးဖို့လိုအပ်သည့် အုပ်စုဝင်/ ဝိသေသလက္ခဏာပိုင်ဆိုင်သူများကိုပစ်မှတ်ထားပြီး မုန်းတီးမှုများ၊ အကြမ်းဖက်မှုများ ဖြစ်ပေါ်လာအောင် တမင်ရည်ရွယ်ချက်ရှိရှိပြောဆိုနေပါသလား ဆန်းစစ်ရမည်။

၄) ထုတ်ဖော်ပြောဆိုသည့်အခါမှာ မည်သည့်ပုံစံ၊ ဟန်ပန်နဲ့ပြောသလဲ။ အကြောင်းအရာများက ဆီလျော်မှု / မှန်ကန်မှုရှိသလား ဆန်းစစ်ရန်လည်းလိုပါသည်။ ပြောဆိုမှုများမှာ ခွဲခြားရန်၊ အကြမ်းဖက်မှုကို လုပ်ဆောင်စေသည့် တိုက်ရိုက်ပြောဆိုသည့်စကားပါသလား။ သို့မဟုတ် သွယ်ဝိုက်ပြောဆိုမှုများ ရှိသလားဆန်းစစ်ရမည်။

၅) ထုတ်ဖော်ပြောဆိုသည့်အခါ





ဘယ်နည်းလမ်းကိုအသုံးပြုသလဲ။ ထိုနည်းလမ်းက ဘယ်လောက်ထိ သက်ရောက်မှုရှိနိုင်သလဲ၊ ဘယ်နှစ်ကြိမ်ပြောသလဲ ဆိုသည်ကိုလည်း ဆန်းစစ်ရပါမည်။

၆) ထုတ်ဖော်ပြောဆိုလိုက်မှုကြောင့် ခွဲခြားမှုများ၊ ရန်လိုမှုနှင့် အကြမ်းဖက်မှုများကို တိုက်ရိုက်ဖြစ်နိုင်ချေ များသလား ဆိုသည့်အချက်များကို ဆန်းစစ်ရပါမယ်။

မုံရွာမြို့အခြေစိုက်**(PGYES)** အဖွဲ့က ကိုအောင်ကျော်ကျော် သည်လည်း *“လွှတ်လပ်စွာ ရေးသား၊ ထုတ်ဖော် ပြောဆိုခွင့် ရှိပေမဲ့ အမုန်းစကား မဖြစ်စေရန် သတိထားရ မှာကို အလေးအနက်ထား ပြောင်းလဲကျင့်သုံးနေပါတယ်။ သတင်းမှန်ကန်မှုရှိ၊ မရှိ။ ဒီသတင်းက သတင်း မှားလား၊ တမင်ဖန်တီးတဲ့ လုပ်ကြံသတင်း တွေလား ဆိုတာ ကွဲပြားအောင် လုပ်ဆောင် ရပါမယ်။”*

အဆိုပါသင်တန်းကို အွန်လိုင်းဖြင့် ၄ရက်ကြာကျင်းပြုလုပ်ခဲ့ပါသည်။ ထားဝယ်မြို့အခြေစိုက် **Changed Agent** ကိုမင်းဆည်းဆာက *“သင်တန်းပြီးသွားတော့ ကိုယ့်ကိုယ်ကို စကားပြောတဲ့အခါ ဆင်ခြင်တတ်လာတယ်။ ကျွန်တော်က ဥပဒေကျောင်းသား တစ်ယောက်ဖြစ်တဲ့ အတွက် ဒီသင်တန်းက ပေးတဲ့ အကြောင်းအရာ တွေက ရှေ့ဆက်လုပ်ဆောင်ရမယ့် ကိစ္စတွေ မှာ အစစအရာရာ အဆင်ပြေချောမွေ့စေတယ်။ ကိုယ့်ကိုယ်ကိုလည်း ဆင်ခြင်ပြီး အထက်လူကြီးတွေနဲ့ စကားပြောတဲ့ အခါမှာလည်း အထောက်အကူဖြစ် လာပါတယ်။”*